စကားရည်လုခြင်း (ဒီဘိတ်) နှင့် သရုပ်ဖော်တင်ဆက်ခြင်း ပြုလုပ်ကျင်းပသည့် ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် လာမည့် ၂၀၂၀ ရွေးကောက်ပွဲများ၌ ပထမအကြိမ်မဲပေးမည့်လူငယ်များ ပါဝင်လာစေရန်ဖြစ်ပါသည်။

ဒီမိုကရေစီ နိုင်ငံတစ် နိုင်ငံတွင် ရွေးကောက်ပွဲများ၏ အခန်းကဏ္ဍမှာ အရေးကြီးကြောင်းနှင့် လူငယ်များမှ မိမိတို့၏ ရပ်ရွာလူမှုအသိုက်အဝန်းအား ကောင်းမွန်သော အပြောင်းအလဲများ ဖော်ဆောင်ရာတွင် တက်ကြွ သောလူငယ်များအဖြစ် ပါဝင်လာစေရန် ရည်ရွယ် ပါသည်။

ထိုရည်ရွယ်ချက် ဖြစ်မြောက်စေရန် အတွက် ကျွန်တော်/ ကျွန်မ တို့ MYNFREL နှင့် Hornbill အဖွဲ့တို့မှ ကူညီပံ့ပိုးပေးသွားမည် ဖြစ်ပါသည်။



**သရုပ်ဖော် တင်ဆက်ခြင်း**

**စကားရည် လုခြင်း**



# သင့်အသံ သင့်မဲ သင့်အနာဂတ်

## ၂၀၂၀ ပထမအကြိမ် မဲပေးမည့် လူငယ်များ



သင့်အသံ သင့်မဲ သင့်အနာဂတ် စီမံကိန်းအကြောင်းကို ပိုမိုသိရှိလိုပါကအောက်ပါ အင်တာနက် စာမျက်နှာတွင် ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ပါသည်။

YouthVotersFor2020
#firsttimeyouthvoter

Hornbill · MYNFREL · Australian Aid · UKaid from the British people · USAID FROM THE AMERICAN PEOPLE · IFES

ပထမအကြိမ် မဲပေးမည့်လူငယ်များ

# သင့်အသံ သင့်မဲ သင့်အနာဂတ်

## ၂၀၂၀ ပထမအကြိမ် မဲပေးမည့် လူငယ်များ

နိုင်ငံသားအသိပညာပေးစီမံချက်သည် ၂၀၂၀ မြန်မာ့ရွေးကောက်ပွဲတွင် ပထမအကြိမ်မဲပေးမည့်လူများ အထူးသဖြင့် မဲပေးမှုအနည်းဆုံးဖြစ်သည့်ဒေသမှ လူငယ်များအား အသိပညာပေးရန် ရည်ရွယ်ပါသည်။


၎င်းစီမံချက်အား ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ ပူးပေါင်းဆောင်ရွက်၍ IFES ၏ ပံ့ပိုးမှုဖြင့် Hornbill နှင့် Mynfrel တို့မှ အကောင်အထည်ဖော်ဆောင်ရွက်သွား ပါမည်။

စီမံချက်၏ ကဏ္ဍကြီး (၃) ရပ်မှာ -

- ဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေခြင်း
- ခေါင်းဆောင်မှုစွမ်းရည် ဖွံ့ဖြိုးတိုးတက်စေခြင်း
- မိမိနေထိုင်ရာ လူမှုအသိုက်အဝန်းအား သက်ဝင်လှုပ်ရှားစေခြင်း တို့ဖြစ်ပါသည်။



# စီမံကိန်း ဆောင်ရွက်မည့် နေရာများ (ပထမကာလ)



စီမံချက်တည်နေရာ
မြို့နယ် ပေါင်း ( ၇၁ )

Hornbill

MYNFREL

# သင့်အသံ သင့်မဲ သင့်အနာဂတ်




" မြန်မာနိုင်ငံအပါအဝင် အာရှပစိဖိတ်ဒေသများတွင် လူငယ်လူဦးရေမှာ နေ့စဉ်နှင့်အမျှ များပြားလာပါသည်။ လူငယ်များဟာ လူမှုအသိုက်အဝန်းတွေမှာ မိမိတို့ပါဝင်နေသည့် အခန်းကဏ္ဍကို သိရှိနားလည်ရန် လိုအပ်ပြီးတော့ မိမိတို့အားကိုယ်စားပြုမည့် ရွေးကောက်ခံကိုယ် စားလှယ်များ အကြောင်းကို လေ့လာထားရန်အရေးကြီး ပါသည်။ "

ခင်မြင့်အေး (ကလေး)
လူငယ်သင်တန်းနည်းပြ
၂၂ နှစ်



" လူငယ်တွေဟာ တိုင်းပြည်ရဲ့အနာဂါတ် ခေါင်းဆောင်တွေလေ၊ ခုဆိုရင်တိုင်းပြည်ကလည်း ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးတွေ အင်တိုက်အားတိုက်လုပ်ဆောင်နေတယ်။ ဦးဆောင်မဲ့ သူအနေနဲ့ ဒီမိုကရက်တစ်ဖြစ်စဉ်နဲ့ ဒီမိုကရေစီမှာပါဝင်တဲ့ အစိတ်အပိုင်းတွေကို သိရှိနားလည်နေဖို့လိုအပ်တယ်။ ဒါတွေကို သိရှိနားလည်ဖို့ ကျွန်တော်တို့လူငယ်တွေကို ကူညီပံ့ပိုးပေးဖို့ အရေးကြီးပါတယ်။ "

ပြည့်ဖြိုးကျော် (ကျောက်မဲ)
၂၂ နှစ်

